THE REPUBLIC OF THE UNION OF MYANMAR
THE SUPREME COURT OF THE UNION

သတင်းထုတ်ပြန်ချက်

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၉ ခုနှစ် အဓိကဆောင်ရွက်မှုများနှင့် ၂၀၂၀ ပြည့်နှစ် ဦးစားပေးလုပ်ငန်းစဉ်များ ထုတ်ပြန်

*နေပြည်တော်၊ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့-* တရားစီရင်ရေး မဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂) အရ ၂၀၁၉ ခုနှစ်၏ အဓိကဆောင်ရွက်မှုများနှင့် ၂၀၂၀ ပြည့်နှစ်အတွက် ဦးစားပေး လုပ်ငန်းစဉ်များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ထုတ်ပြန်လိုက်သည်။

## ၂၀၁၉ ခုနှစ်၏ အဓိကဆောင်ရွက်မှုများ

- တရားရုံးအဆင့်ဆင့်သို့ စွဲဆိုသည့်အမှုများ ပြီးပြတ်မှုနှုန်းကို ၉၉.၅၇% သို့ တိုးတက်အောင် ဆောင်ရွက်ခြင်း၊
- မှုခင်းများကို ဥပဒေနှင့်အညီ တရားမျှတပြီး အချိန်မီထိရောက်စွာ ဖြေရှင်းပေးရေးအတွက် နိုင်ငံ တစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ကို ခရိုင်တရားရုံး (၅) ရုံးနှင့် မြို့နယ်တရားရုံး (၄၃) ရုံးတွင် တိုးချဲ့အကောင်အထည်ဖော်ခြင်းနှင့် အမှုပြီးပြတ်နှုန်း၊ အမှုများ စံသတ်မှတ်သည့်အချိန်ကာလ အတွင်း ပြီးပြတ်မှုနှင့် အမှုရုံးချိန်းသေချာစေမှု တိုးတက်အောင် ဆောင်ရွက်ခြင်း၊
- တိုင်းဒေသကြီး/ ပြည်နယ်များနှင့် မြို့နယ်များတွင် ဥပဒေအထောက်အကူပြုအဖွဲ့များ ဖွဲ့စည်း ခြင်း၊ ပြင်ဆင်ဖွဲ့စည်းပေးခြင်းနှင့် ရုံးများအတွက် ထောက်ကူဆောင်ရွက်ပေးခြင်း၊
- တရားသူကြီးများ၏ တရားစီရင်ရေးနှင့် ပညာရပ်ပိုင်းဆိုင်ရာကျွမ်းကျင်မှုများ တိုးတက်စေရန် “အပြည်ပြည်ဆိုင်ရာ ကူးသန်းရောင်းဝယ်ရေးကိစ္စရပ်များကို ဥပဒေရှုထောင့်မှလေ့လာခြင်း” စာအုပ် ပြုစုထုတ်ဝေခြင်း၊ သက်ဆိုင်သည့်ဝန်ကြီးဌာနများ၊ ပညာရေးဌာနများနှင့် ပုဂ္ဂလိက ကဏ္ဍတို့နှင့် ဆွေးနွေးပွဲ ကျင်းပခြင်း၊
- တရားသူကြီးများအတွက် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ သင်ရိုးညွှန်းတမ်းများနှင့် တရားရုံး လုပ်ထုံးလုပ်နည်းများ ရေးဆွဲခြင်း၊
- ကလေးသူငယ်များနှင့် ကာကွယ်စောင့်ရှောက်ရန်လိုအပ်သည့် လူကြီးများအတွက် အထူး သက်သေစစ်မေးခန်းများနှင့် သက်သေစကားပြန်များ အသုံးပြုခြင်းဆိုင်ရာ ညွှန်ကြားချက် ထုတ်ပြန်ခြင်း၊
- ငွေကြေးခဝါချမှု တိုက်ဖျက်ရေးအတွက် ရှေ့နေရှေ့ရပ်နှင့် နိုတြီပဗ္ဗလစ်များ၏ လုပ်ငန်း လုပ်ဆောင်ရာတွင် လိုက်နာဆောင်ရွက်ရန် ကြေညာချက် ထုတ်ပြန်ခြင်း၊
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ website တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တရားရုံးများ၏ တရားမမှုများ ပြီးပြတ်နှုန်း၊ တရားမမှုများ၏ ပျှမ်းမျှကြန့်ကြာကာလ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် အဆင့်ဆင့်တရားရုံးများ၏ ၂၀၁၈ ခုနှစ်အတွင်း ဆုံးဖြတ်သည့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာအမှု စီရင်ချက်များကို ဖော်ပြခြင်း၊
- ဒေသအလိုက် အများပြည်သူအတွက် တရားရုံးလက်ကမ်းစာစောင်များကို ကချင်၊ ကယား၊ ပိုးကရင်၊ စကောကရင်၊ မွန်၊ ရှမ်း၊ ပအိုဝ်း စသည့် တိုင်းရင်းသားဘာသာစကားဖြင့် ဖြန့်ဝေခြင်း၊

- ❖ တရားရုံးအဆင့်ဆင့်တွင် သတင်းမီဒီယာနှင့် စုစုပေါင်း ၂၁၀ ကြိမ် တွေ့ဆုံ၍ အများပြည်သူ စိတ်ဝင်စားသည့် မှုခင်းများကို အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးခြင်း၊
- ❖ တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး စမ်းသပ်အစီအစဉ်ကို ခရိုင်တရားရုံး (၂) ရုံးနှင့် မြို့နယ်တရားရုံး (၂) ရုံးတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။

## ၂၀၂၀ ပြည့်နှစ်အတွက် ဦးစားပေး လုပ်ငန်းစဉ်များ

- ❖ တရားရုံးအဆင့်ဆင့်သို့ စွဲဆိုသည့်အမှုများ ပြီးပြတ်မှုနှုန်းကို လျာထားချက်ပြည့်မီအောင် ဆောင်ရွက်ရန်၊
- ❖ နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ကို ခရိုင်တရားရုံး (၂၅)ရုံးနှင့် မြို့နယ်တရားရုံး (၁၀၉)ရုံးတွင် တိုးချဲ့အကောင်အထည်ဖော်ရန်၊ အမှုများ စံသတ်မှတ်သည့်အချိန်ကာလအတွင်း ပြီးပြတ်မှုနှင့် အမှုရုံးချိန်းသေချာစေမှု တိုးတက်အောင် ဆောင်ရွက်ရန်၊
- ❖ တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး စမ်းသပ်အစီအစဉ်ကို မြို့နယ်တရားရုံး (၆) ရုံးတွင် တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်ရန်၊
- ❖ တရားရုံးများတွင် အထူးသက်သေစစ်မေးခန်းများနှင့် ဗီဒီယိုဖြင့် စစ်ဆေးသည့် အထောက်အပံ့ပစ္စည်းများ တိုးချဲ့ဆောင်ရွက်ရန်၊
- ❖ တန်ဖိုးနည်းသက်သာခွင့် တောင်းဆိုသော တရားမမှုများအတွက် လုပ်ထုံးလုပ်နည်းများ၊ လူမွဲခံယူ ခြင်းဆိုင်ရာနည်းဥပဒေများ စသည့် ဥပဒေမူဘောင်သစ်များ ထုတ်ပြန်ရေး ဆောင်ရွက်ရန်၊
- ❖ ကူးသန်းရောင်းဝယ်ရေးတရားရုံး တည်ထောင်ရေးအတွက် လုပ်ငန်းစီမံချက်များ ရေးဆွဲရန်၊
- ❖ တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ် အကောင်အထည်ဖော်ရေး လုပ်ငန်းအစီအစဉ်များ ချမှတ်ရန်၊
- ❖ တရားရုံးစီရင်ချက်များ ထုတ်ပြန်ရေးအတွက် အိုင်တီနည်းပညာစနစ်တစ်ခု တည်ဆောက်ရန်၊
- ❖ တရားသူကြီးများနှင့် တရားရေးအရာရှိများ၏ တရားစီရင်ရေးနှင့် လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်မှုကို မြှင့်တင်ရန်
- ❖ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားစီရင်ရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များ၊ နယ်စပ်ဖြတ်ကျော် တရားမမှုခင်းများနှင့် စီးပွားရေးမှုခင်းများတွက် ဒေသတွင်း တရားရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၉ ခုနှစ် ဆောင်ရွက်ချက်များကို ၂၀၁၉ ခုနှစ် တရားရုံး နှစ်စဉ်အစီရင်ခံစာနှင့် ၂၀၂၀ ပြည့်နှစ် လုပ်ငန်းအစီအစဉ်များကို တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း တတိယနှစ် အစီအစဉ် (၂၀၂၀) တို့တွင် ကြည့်ရှုနိုင်ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နေပြည်တော်